## October- 1 (အောက်တိုဘာလ ၁)

**"ငါသည် စကားဖြင့်မျှ မပြစ်မှားမည့်အကြောင်း၊ ကိုယ့်အကျင့်ကို သိပြုမည်။ မတရားသောသူသည် ငါ့ရှေ့မှာရှိစဉ် ၊ ငါသည် ကိုယ်နှုတ်ကိုချုပ်နှောင်မည် ဟုငါပြောထား၏" (ဆာ ၃၉း၁)**

လျှာသည် ကောင်းသည့်အရာအတွက်သော်လည်းကောင်း၊ဆိုးသောအရာတွင်သော်လည်းကောင်း၊ ကိုယ်ခန္ဓာမှ အခြားအင်္ဂါများထက် ၎င်း၏လွှမ်းမိုးမှုသည် ပို၍အင်အားကြီးသည်ဟူသော အဆိုပြုချက်နှင့်အတူ လူတိုင်း၏အတွေ့အကြုံသည် အပြည့်အဝ သဘောတူရန် အလားအလာရှိပါသည်။ လျှာထက် အခြားသောအင်္ဂါများကို ထိန်းသိမ်းရန်လွယ်ကူသည်ဟု အလွန်များပြားသော လူတို့နှင့်အတူ အတွေ့အကြုံသည်လည်း သွန်သင်ပါသည်။ အလွန်ကျွမ်းကျင်သော အမှုထမ်း(လျှာ)သည် ကျဆင်းလျက်ရှိသော ပကတိ၏စိတ်ခံစားချက်နှင့် ရည်ရွယ်ချက်တိုင်းကို မကောင်းမှုအတွက် ကျွန်တစ်ဦး (သို့) လမ်းကြောင်းတစ်ခု အဖြစ်အသုံးပြုရန် ရှာဖွေပါသည်။ ထို့ကြောင့် ခရစ်ယာန်တို့၏အပိုင်းတွင် သူ၏ကိုယ်ခန္ဓာ၏ ဤအင်္ဂါကိုအုပ်စိုးရန်နှင့် ခရစ်တော်၌အသစ်သော စိတ်သဘော၏ လက်အောက်သို့ ပို့ဆောင်ရန်တိုးပွားလျက်ရှိသော နိုးကြားမှု၊ပညာနှင့် ဂရုစိုက်ခြင်းတို့ လိုအပ်ပါသည်။ ၎င်းသည် သူကိုယ်တိုင်သော်လည်းကောင်း၊ သူတစ်ပါး အတွက်သော်လည်းကောင်း၊ အဟန့်အတားတစ်ခုမဖြစ်ဘဲ အခြားတစ်ဘက်၌ လမ်းကျဉ်းတွင် အကူအညီ တစ်ခုဖြစ်လိမ့်မည်ဖြစ်ပါသည်။

## October- 2 (အောက်တိုဘာလ ၂)

**"ညီအစ်ကိုတို့ ငါကိုင်မိပြီဟု ကိုယ့်ကိုကိုယ် မထင်သော်လည်း ငါပြုသော အမှုတစ်ခုဟူမူကား နောက်ကျသော အရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသော အရာတို့ကို လှမ်းကမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် ဆိုင်သောဆုကို ရခြင်းငှာ၊ ပန်းတိုး တိုင်သို့ ငါ လိုက်ပြေး၏"။ (ဖိ ၃း၁၃-၁၄)**

ကျွန်ုပ်တို့သည် နောက်မှာရှိသောအရာတို့ကို မေ့လျော့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ကျွန်ုပ်တို့ပြုလုပ်သင့်သည်မှာ မှန်ကန်သောအရာဖြစ်သောကြောင့်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ထိုအရာများကို မေ့လျော့ပြီး ကျွန်ုပ်တို့၏ မစုံလင်ခြင်းအားလုံးတို့ကို သူ၏နောက်ကျောဘက်တွင် ပစ်ထားခဲ့ပြီဟု ကြေငြာခဲ့ပါသည်။ သူ့အမြင်တွင် ကျွန်ုပ်တို့၏ မစုံလင်ခြင်းများအားလုံးတို့မှာ ဖုံးအုပ် သွားပါသည်။ ဤသို့မေ့လျော့ခြင်းမှာ ကျွန်ုပ်တို့ကို ချစ်လျက် ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့သောသူ၊ ကျွန်ုပ်တို့ချစ်တော်မူသောသူ၊ ကျွန်ုပ်တို့ ခိုလှုံကိုစားသောသူ၊ ဇာတိပကတိ၌ ကျွန်ုပ်တို့အမွေ လက်ခံရရှိခဲ့သော အပြစ်အနာအဆာများအရ အနည်းနှင့်အများ မစုံလင်ခြင်းများနှင့် အတူ

သူ၏ခြေရာတော်များ၌ ကျွန်ုပ်တို့သည် လျှောက်ရန်ရှာဖွေလျက်ရှိသော သူ၏ရွေးနုတ်ခြင်းအားဖြင့်ကြောင့်သာ ဖြစ်ပါသည်။ ခြေချော်ခြင်းနှင့် ကျဆင်းခြင်းများကို ဝေဝါးစွာ လျင်လျင်မြန်မြန်မေ့လျော့သင့်သည်ဟု ထင်မြင်ရန်ကျွန်ုပ်တို့ဆိုလိုနေခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့၏ အရည်အချင်းများ တိုးတက်စေရန်အတွက် သူတို့ကို မှန်ကန်စေသင့်ပါသည်။ ထို့အပြင် နေ့စဉ်ဤအပြစ်အနာအဆာများအတွက် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ရှာဖွေသင့်ပါသည်။

## October- 3 (အောက်တိုဘာလ ၃)

**"တရားတော်ကို နှစ်သက်သောသူတို့၌ ကြီးစွာသော ငြိမ်ဝပ်ခြင်းရှိပါ၏။ သူတို့ စိတ်ပျက်စရာအကြောင်း မရှိပါ"။ (ဆာ ၁၁၉ း ၁၆၅)**

ကျွန်ုပ်တို့၏ မေတ္တာရပ်ခံခြင်းသည် ကျေးဇူးတော်၌ အသိပညာအတွက်သော်လည်းကောင်း၊ဝိညာဉ်ပိုင်းဆိုင်ရာအသီးအတွက်သော်လည်းကောင်း၊ သခင်ဘုရားနှင့် ညီအစ်ကိုတို့အတွက် အစေခံရန်အခွင့်အလမ်းအတွက်သော်လည်းကောင်း၊ ဘုရားသခင်၏ချစ်လှစွာသော သားတော်၏ ပုံသဏ္ဍာန်နှင့် တူညီခြင်းထဲ၌ ပို၍ပို၍ ကြီးထွားလာခြင်းအတွက်သော်လည်းကောင်း တိုးပွားစွာရှိသင့်ပါသည်။ ဤအခြေအနေများအောက်၌ ဤကဲ့သို့သော နှလုံးသားများ၌ သူတို့၏အတွေးများကို ဉာဏ်နှင့် မမီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည်နှလုံးသားများကို ဒုက္ခပေးသော များစွာသော ဆိုးညစ်သည့်အရာများထဲမှကြီးစွာသောအရာတစ်ခုကို ပပျောက်စေလိမ့်ဖြစ်ပါသည်။ထိုအရာနှင့်ပြည့်စုံသော နှလုံးသားများထဲ၌ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် ရည်ရွယ်ချက်များအတွက် အနည်းငယ်သော အခန်းသာတွေ့နိုင်မည် ဖြစ်ပါသည်။ ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့၏ နှလုံးသားထဲ၌ ကိန်းဝပ်နိုင်ပြီး သူတို့ကို အုပ်စိုးနိုင်ပါသည်။ ထို့နည်းတူ စိုးရိမ်ခြင်းနှင့်လောက၏ ရှုပ်ထွေးသော အခြေအနေမှ ရှောင်ရှားနိုင်ပါသည်။ ဤမကောင်းသည့်အခြေအနေများအားဖြင့် ကျွန်ုပ်တို့အား ဝိုင်းရံလျက်ရှိနေသောအခါ၌ပင်လျှင်လည်းကောင်း၊ စာတန်ကိုယ်တိုင်ပင်လျှင် သူ၏လှည့်ဖြားသော ကိုယ်စားလှယ်များအားဖြင့် ဒုက္ခပေးလျက်ရှိနေသည့် အချိန်၌ပင်လျှင်လည်းကောင်း ရှောင်ရှားနိုင်ပါသည်။

## October- 4 (အောက်တိုဘာလ ၄)

**"ထိုသူတို့အား ငါနောက်သို့ လိုက်ကြလော့။ သင်တို့သည် လူကို မျှားသော တံငါဖြစ်စေခြင်းငှာ ငါ ပြုမည်ဟု အမိန့်တော်ရှိလေသော်"။ (ဆာ ၄း၁၉)**

ကျွန်ုပ်တို့လက်ခံမည်ဆိုလျှင် ဘဝအသက်တာ၏ အငန်းအတာအားလုံးတို့သည် အနာဂတ်တစ်ခုလုံး အသုံးဝင်နိုင်သော သင်ခန်းစာများကို ကျွန်ုပ်တို့အား သွန်သင်မည်ဖြစ်ပါသည်။ ငါးမျှားခြင်းအလုပ်၌ ထူးခြားစွာ အကူအညီအချို့ရှိခဲ့ပါသည်။ (တမန်တော်များသည် သူတို့၏ ကျန်ရှိသည့် အသက်တာများကို

ကြီးစွာသောအလုပ်၌ ပါဝင်ခဲ့သောအရာကဲ့သို့) ကျွန်ုပ်တို့၏ သခင်သည် သူ၏ခေါ် တော်မူခြင်း၌ ဤအရာကို အလွန်ရင်းနှီးကျွမ်းဝင်ပါသည်။ ငါးမျှားခြင်းတွင် ခွန်အား ၊ နည်းပရိယာယ်၊ သင့်လျော်သောငါးစာနှင့်ငါးမျှားသောသူသည် သူ့အား မမြင်ရန် ရှောင်ရှားနေခြင်းများလိုအပ်ပါသည်။ ဤအချက်လေးချက်သည် ကျွန်ုပ်တို့အား ပါဝင်ရန် သခင်ဘုရား အခွင့်အလမ်းပေးထားတော်မူသော ဝိညာဉ်ပိုင်းဆိုင်ရာ ငါးမျှားခြင်း၌ လိုအပ်သောအရာများဖြစ်ကြပါသည်။ "ငါး" များသည် သူတို့အား တစ်စုံတစ်ဦးသည် ဖမ်းရန်ဆန္ဒရှိသည်ကို တွေ့မြင်သောအခါ လွယ်ကူစွာ ထိန့်လန့်သကဲ့သို့ လူသည်လည်း တစ်စုံတစ်ခုအားဖြင့် ဖမ်းခြင်းခံရမည်ကို ရှက်သည်ကိုလည်းကောင်း အထူးသဖြင့် (လောကအတွက် ဆက်ကပ်အပ်နှံခြင်းသည် ပေါ်ထွက်လာခြင်းကဲ့သို့သော )သူတို့သည် သူတို့၏ လွတ်လပ်ခြင်း ဆုံးရှုံးနိုင်သည်ဟု အနည်းငယ်သော သံသယ သူတို့တွင် ရှိမည်ဆိုလျှင် ထိတ်လန့်မည်ကို ကျွန်ုပ်တို့ မှတ်မိကြရမည်ဖြစ်ပါသည်။

## October- 5 (အောက်တိုဘာလ ၅)

**"အပြစ်ရှိသောသူတို့လက်တွင် ထိုမျှလောက်ကြီးစွာသော ဆီးတားနှောင့်ယှက်ခြင်းကို ခံတော်မူသော သခင်ကို ထောက်ရှုဆင်ခြင်သောအားဖြင့် အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်သောငှာ ကြိုးစားကြလော့" ။ (ဟေ ၁၂း၃)**

မည်မျှလောက်သော ဘုရားသခင်၏ စစ်မှန်သော သားသမီးများသည် သူတို့၏ နှလုံးသားများထဲ၌ အားလျော့စိတ်ပျက်ခြင်းများ ဖြစ်လာကြလျက် ကြီးစွာသောဆုကို ဆုံးရှုံးခြင်းအန္တရာယ်၌ ရှိနေကြသည် မဟုတ်ပါလော့! အဘယ်ကြောင့်ဆိုသော် ကြီးစွာသောဆန့်ကျင်ခြင်းများကို သစ္စာရှိစွာ ကြံ့ကြံ့ခံခဲ့သော သခင်ကို ထောက်ရှုရန် လေ့လာရန်၊ နားလည်ရန်၊ စဉ်းစားဆင်ခြင်ရန်၊ ကျဆင်းခဲ့ကြသောကြောင့် ဖြစ်ပါသည်။ သူတို့သည် သခင်၌ရည်ညွှန်းထားသော သခင်၏စုံလင်ခြင်းနှင့် မည်ကဲ့သို့ဖြစ်သည်ကို စေ့စေ့စဉ်းစားဆင်ခြင်သောအခါ အလင်းသည်အမှောင်၌ထွန်းလင်းခဲ့ပြီး အလင်းအား အသိမှတ်ပြုခြင်း မရှိသကဲ့သို့ သူတို့ထံမှ လွန်းလင်းလာသော အလင်းအား အသိမှတ်ပြုခြင်းခံရလိမ့်မည် မဟုတ်ဟု သူတို့သည် မျှော်လင့်ရမည်ဖြစ်ပါသည်။ဖြောင့်မတ်ခြင်းတရားအတွက် မတရားသဖြင့် ခံစားရခြင်း၌ ကျွန်ုပ်သခင်၏ မည်မျှလောက် ဒုက္ခဆင်းရဲခံစားခဲ့ရသည်ကိုသူတို့သည် ဆင်ခြင်စဉ်းစားသည့်နည်းတူ မစုံလင်သော သူတို့၏ စီမံလုပ်ဆောင်မှုကို ထင်ဟပ်စေလိမ့်မည်ဖြစ်ပါသည်။ ဤကဲ့သို့ဆင်ခြင်စဉ်းစားခြင်းသည် သူတို့အား ကောင်းသောစစ်သူရဲကဲ့သို့ ကြံ့ကြံ့ခံနိုင်ရန် ကောင်းစွာပြုလုပ်ခြင်း၌အားမလျော့ရန်နှင့် ဆန့်ကျင်မှုများ၌ စိတ်မပျက်ရန် ခွန်အားဖြစ်စေလိမ့်မည် ဖြစ်ပါသည်။

## October- 6 (အောက်တိုဘာလ ၆)

**"ယေရှုသည် လှည့်ကြည့်၍ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ။ လူသားသည်လူတို့၏အသက်ကိုသတ်အံ့သောအခါ ကြွလာသည်**

**မဟုတ်။ ကယ်တင်အံ့သောအခါ ကြွလာသည်ဟု ဆုံးမတော်မူပြီး မှ အခြားသော ရွာသို့ ကြွတော်မူ၏။" (လု ၉း၅၅ ၊ ၅၆)**

ထိုနည်းတူ သခင်ဘုရား၏ တပည့်တော်အားလုံးတို့သည်လည်း ဖြစ်ကြရမည်ဖြစ်ပါသည်။ သူတို့၏ အဆက်မပြတ် လေ့လာခြင်းသည် ဂရုဏာကို လိုလားလျက်ရှိကြသော အခြားလူတို့ကို စီရင်ရန်နှင့်ဖျက်ဆီးရန် အတွက် အပြစ်ရှာသည့်စရိုက်များကို ရှောင်ရှားသင့်ပါသည်။ ကျွန်ုပ်တို့သည် သူ့ထံမှ ဂရုဏာတော်ကို မျှော်လင့်ကြရမည်ဖြစ်ပြီး ထိုပမာဏနှင့်အညီ အခြားသူများထံသို့လည်း ဤကျေးဇူးတော်ကို ကျွန်ုပ်တို့သည် လက်တွေ့ကျင်လည်ရမည်မှာ သခင်ဘုရားတည်ဆောက်ခဲ့သော စည်းမျဉ်းဖြစ်ပါသည်။ လူတိုင်းအား စွပ်စွဲရန် နှင့်စီရင်ရန် အဆင်သင့်ဖြစ်သော အမှားကို ရှာဖွေသည့် စရိုက်လက္ခဏာသည် နှလုံးသား၏ မှားယွင်းသော အခြေအနေတစ်ခုကို ရည်ညွှန်းပါသည်။ ဘုရားသခင်၏ လူအားလုံးတို့သည် ကာကွယ်ဆန့်ကျင်ခြင်း၌ ရှိနေသင့်သော အရာတစ်ခုဖြစ်ပါသည်။ ဂရုဏာ၊ ကောင်းမြတ်ခြင်းနှင့်ချစ်ခြင်း မေတ္တာတို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ ဣသရေလတို့၌ မြင်တွေ့ရန် သခင်ဘုရားအလိုဆန္ဒရှိသော စရိုက်လက္ခဏာ၏ လိုအပ်ချက်များဖြစ်ကြပါသည်။ ထိုအရာများမရှိဘဲ ကျွန်ုပ်တို့သည် သူ၏သားသမီးများဖြစ်ရန် အချိန်ကြာကြာ ဆက်လက်သွားနိုင်မည်မဟုတ်ပါ။

## October- 7 (အောက်တိုဘာလ ၇)

**"အကြင်သူသည် ငါ ဟောပြောသော ဤစကားကိုကြား၍ နားမထောင်ဘဲ နေ၏။ ထိုသူသည် သဲပေါ်မှာ အိမ်ဆောက်သော လူမိုက်နှင့် တူကြောင်းကို ငါ ပုံပြမည်။" (မ ၈း၂၆)**

မျှော်လင့်ခြင်းများသည် သခင်ဘုရား၏ကတိတော်များပေါ်တွင်တည်ဆောက်ပြီး အလုပ်များအား ဖြင့် တွဲဖက်ခြင်းမရှိလျှင် သဲပေါ်မှာဆောက်သော မျှော်လင့်ခြင်းများဖြစ်ကြပါသည်။ ကြီးစွာသောစစ်ဆေးခြင်း အချိန်ရောက်လာပြီး ထိုကဲ့သို့သော မျှော်လင့်ခြင်းများသည် ဘာမှအသုံးမဝင်တာထက်ပိုပြီး ဆိုးရွားမှုရှိ ကြောင်းကို ပြခြင်းခံရကြသည့်တိုင်အောင် သံသယအချိန်ကာလတစ်ခုသာဖြစ်ပါသည်။ ဘုရားသခင်၏ နိုင်ငံတော်၌ အမွေဆက်ခံရန် သူ၏စိတ်ချမှုများ၌ သူကိုယ်တိုင်လုံခြုံသည်ဟု ထင်ခဲ့သောသူ၊ လိမ်ညာခဲ့သော သူတို့၏အရှင်ကို သူတို့အားဖော်ပြလိမ့်မည်ဖြစ်ပါသည်။ အခြားတစ်ဖက်၌ ကြည့်မည်ဆိုလျှင် သခင်ဘုရားအား သူတို့၏ နှလုံးသားများနှင့်သာမက နုတ်များဖြင့် ဝန်ခံလျက် ကြည်ညိုလေးစားကြပြီး နာခံခြင်းနှင့်အတူ တည်ဆောက်ကြသောသူတို့သည် သူတို့၏ယုံကြည်ခြင်းနှင့် လိုက်လျောညီထွေသော သူတို့၏အလုပ်များနှင့်သခင်ဘုရားနှင့်အတူ သူတို့၏အလွန်အရေးပါသော မိတ်သဟာရဖွဲ့ခြင်းနှင့်စပ်ဆိုင်သော သက်သေခံခြင်းနှင့် သူတို့၏အသီးသီးခြင်းရှိပါသည်။ ဤအရာများသည် ဘဝ၏မုန်တိုင်းအားလုံးတို့ကို ကျော်ဖြတ်လျက် မည်သည့်အခါမျှ ရွှေ့လိမ့်မည်မဟုတ်ပါ။ မည်သည့်အခါမှ လှုပ်ရှားလိမ့်မည်မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် သူတို့သည် အုတ်မြစ်ပေါ်မှာ ရှိကြသောကြောင့် ဖြစ်ပါသည်။

## October-8 (အောက်တိုဘာလ ၈)

**"အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည်မျိုးစေ့ကြဲသည့်အတိုင်း၊အသီးအနှံကို ရိတ်ရလိမ့်မည်။မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကို ရိတ်ရလိမ့်မည်။"**

**(ဂ ၆း၇-၈)**

အချိန်တိုင်း ဇာတိပကတိ၌ ကျွန်ုပ်တို့မျိုးစေ့ကြဲခြင်းသည် ကျွန်ုပ်တို့သည် ဇာတိပကတိဆိုင်ရာ၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ မတရားစီရင်ခြင်းနှင့် ဇာတိပကတိဆိုင်ရာ မဖြောင့်မတ်သော အလိုဆန္ဒများကို ကျွန်ုပ်တို့၏နှလုံးသားထဲနှင့် အသက်တာများထဲ၌ ဘယ်ညာယိမ်းရန် ခွင့်ပြုခြင်းဖြစ်ပါသည်။မျိုးစေ့ကြဲခြင်းတစ်ခုစီသည် နောက်ထပ်မျိုးစေ့ကြဲခြင်းများကို လွယ်ကူစွာ ပြုလုပ်နိုင်ပြီး ဒုတိယသေခြင်းဖြစ်သော ထိုလမ်း၏ အဆုံးကိုပို၍သေချာအောင် ပြုလုပ်ပေးပါသည်။ အခြားတစ်ဖက်၌ကြည့်မည်ဆိုလျှင် မှန်ကန်သောအရာများ ကောင်းသောအရာများ၊ မွန်မြတ်သောအရာများ၊စင်ကြယ်သောအရာများသို့ ဝိညာဉ်ပိုင်းဆိုင်ရာ ဦးတည်ချက်များ၌ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲခြင်းတစ်ခုစီသည်လည်းကောင်း စသည်ဖြင့် အသက်သစ်(သို့)အသစ်သော စိတ်သဘော၏ပြုမူလုပ်ဆောင်ခြင်းတစ်ခုစီတိုင်းသည် ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲခြင်းဖြစ်ပါသည်။ နောက်ထပ်ဝိညာဉ်ပိုင်းဆိုင်ရာအသီးများ ဝိညာဉ်ပိုင်းဆိုင်ရာ ကျေးဇူးတော်များပေါ်ထွက်လာမည်ဖြစ်သော မျိုးစေ့ကြဲခြင်းဖြစ်ပါသည်။ ဤကဲ့သို့ဇွဲရှိရှိဖြင့် စိတ်ရှည်သီးခံခဲ့လျှင် သခင်ဘုရား၏ အဖိုးအဖြတ်နိုင်သော ကတိတော်များနှင့်စီမံမှုများနှင့် တညီတညွတ်တည်းဖြစ်သော ထာဝရအသက်နှင့် နိုင်ငံတော်သည် နောက်ဆုံးတွင် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာမည်ဖြစ်ပါသည်။

## October- 9 (အောက်တိုဘာလ ၉)

**"ကိုယ်တော်က ယုံကြည်အားနည်းသောသူတို့ အဘယ်ကြောင့်ကြောက်တတ်သနည်းဟု မေးတော်မူလျှင် ထ၍ လေနှင့်ပင်လယ်ကို ဆုံးမတော်မူသဖြင့် အလွန်သာယာလေ၏။" (မ ၈း၂၆)**

အတွေ့အကြုံတစ်ခုစီတိုင်းသည် ကျွန်ုပ်တို့အတွက် အကူအညီဖြစ်သင့်ပါသည်။ ပထမတွင် ကျွန်ုပ်တို့သည် ကြောက်ရွံ့ထိန့်လန့်ကြပြီး ကျယ်စွာအော်ဟစ်ကြသောအခါ တဖြည်းဖြည်းဖြင့် ယုံကြည်အားနည်းသောသူတို့"ဟူ၍ ဆုံးမပြစ်တင်ခြင်းနှင့်အတူ မစခြင်းကို ကျွန်ုပ်တို့လက်ခံရရှိခဲ့ကြပါသည်။

သို့ရာတွင် သင်ခန်းစာတစ်ခုပြီးတစ်ခု ကျွန်ုပ်တို့ထံရောက်ရှိလာသည့်အတိုင်း ပို၍ကြီးမားသောယုံကြည်ခြင်း၊ ပို၍ကြီးမားသော ခိုလှုံကိုးစားဖြင်း၊ ပို၍ကြီးမားသောငြိမ်သက်ခြင်း၊ သခင်ဘုရား၌ ပို၍ ကြီးမားသော ဝမ်းမြောက်ခြင်း ၊ ကျွန်ုပ်တို့နှင့်အတူ သူ၏မျက်မှောက်၌ ရောက်ရှိနေခြင်း၌လည်းကောင်း၊ ကျွန်ုပ်တို့အား သူ၏ဂရုစိုက်ခြင်း၌လည်းကောင်း၊ စာတန်နှင့်မကောင်းသည့် အရာတိုင်းမှ ကျွန်ုပ်တို့အား လွတ်မြောက်ရန် သူ၏တန်းခိုးတော်၌လည်းကောင်း နောက်ဆုံးတွင် ကျွန်ုပ်တို့ရှာဖွေလျက်ရှိသော ကောင်းဘင်ဘုံဆိုင်ရာ နိုင်ငံ (ရွှေမြို့တော်၌) ကျွန်ုပ်တို့အား ပို့ဆောင်ပေးခြင်း၌ ပို၍ကြီးမားသော ယုံကြည်စိတ်ချမှုကို သခင်ဘုရားသည် မျှော်လင့်သည့်နည်းတူ ကျွန်ုပ်တို့လည်း မျှော်လင့်သင့်ပါသည်။

## October- 10 (အောက်တိုဘာလ ၁၀)

**"အချင်းချင်းမုသားစကားကို မပြောမသုံးကြနှင့်။ အကြောင်းမူကား သင်တို့သည် လူဟောင်း၏ အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွတ်ပယ်၍ဖန်ဆင်းတော်မူသောသူ၏ပုံသဏ္ဍာန်နှင့်အညီမှန်သောပညာ အားဖြင့် အသစ်ပြုပြင်သောလူသစ်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏"**
**(ကော ၃း၉ - ၁၀)**

ကျွန်ုပ်တို့၏ စိတ်နှလုံးများနှင့် အလိုဆန္ဒများ၌သာလျှင် ဟောင်းသောအရာတို့သည် ပျောက်ကွယ်၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်လာကြပါသည်။ဤပုပ်တတ်သောကိုယ်သည် မပုပ်နိုင်သော ကိုယ်ကို ဝတ်ဆင်သောအခါ၌လည်းကောင်း ပျက်စီးတတ်သောအရာသည် မပျက်စီးနိုင်သော အဖြစ်သို့ ထမြောက်သောအခါ၌လည်းကောင်း (ဘုန်းအသရေ၌ ထမြောက်ခြင်း၊တန်ခိုး၌ထမြောက်ခြင်း၊ နံဝိညာဉ်တို့၌ ထမြောက်ခြင်း)ဤပြောင်းလဲခြင်းသည် အမှန်တကယ်ပြီးပြည့်စုံလိမ့်မည်ဖြစ်ပါသည်။သို့သော် ကြားကာလ အတွင်းတွင် ပထမရှင်ပြန်ထမြောက်ခြင်း၌ပါဝင်ရန် ထိုက်တန်သောသူအဖြစ် ရေတွက်ဝင်ခြင်းခံရအံ့သောငှာ အလို့ငှာကျွန်ုပ်တို့စိတ်နှလုံး၏ လိုလားသောဆန္ဒနှင့် ကျွန်ုပ်တို့၌ သခင်ဘုရားဖြစ်ချင်စေသည့်အတိုင် အားလုံးကိုဖြစ်စေချင်သည့် ကျွန်ုပ်တို့၏စိတ်အားထက်သန်သော အလိုဆန္ဒကို ကျွန်ုပ်ထင်ရှားပြသရ မည်ဖြစ်ပါသည်။ကျွန်ုပ်တို့သည် စိတ်နှလုံးများနှင့် အတွေးများကို တင်းကျပ်စွာသတိနှင့် စောင့်ကြည့်ခြင်း ထက် သခင်ဘုရားအတွက်နှင့် ကျွန်ုပ်တို့အတွက် ပို၍ကောင်းသော ထင်ရှားပြသခြင်း (သို့) သက်သေပြရန် ပို၍အကူအညီဖြစ်သောနည်းလမ်းမရှိနိုင်ပါ။

## October- 11 (အောက်တိုဘာလ ၁၁)

**"ထွက်ကြ။ ထွက်ကြ ။ ထိုအရပ်မှထွက်သွားကြလော့။ မစင်ကြယ်သော အရာကို လက်နှင့်မျှ မတို့ကြနှင့်။ ထိုအရပ်ထဲက ထွက်သွားကြလော့။**

**ထာဝရဘုရား၏ အဆောက်အဦးတို့ကို ဆောင်ရွက်သောသူတို့ ၊ သန့်ရှင်း ခြင်းရှိကြလော့။ ” (ဟေရှာ ၅၂း၂၂)**

ဘုရားသခင်၏နည်းလမ်းသည် ဘုရားသခင်၏ အစေခံများနှင့် မှားယွင်းခြင်း (ဆိုးညမ်းခြင်း)၏အစေခံများအကြောင်းကို ထင်ရှားသောသီးခြား ဖြစ်ခြင်းတစ်ခုကို ပြုလုပ်မှုရှိရန်ထင်ရပါသည်။ဘုရားသခင်အား သက်သေခံခြင်းအတွက် အခွင့်အလမ်း (သို့) သမ္မာတရားအတွက် သံတမန်များသည် ဘုရားသခင်၏ လူတို့အတွက် သီးသန့်ဖယ်ထားသော ကျေးဇူးပြုခြင်းတစ်ခုဖြစ်ပါသည်။ ဝမ်းမြောက်ဖွယ် ဧဝံဂေလိတရားအတွက် သံတော်ဆင့်များဖြစ်ရန် မှားယွင်းသောသူကိုလည်းကောင်း၊ ကျဆင်းသော ကောင်းကင်တမန်များကို လည်းကောင်း၊ဆိုးညစ်သော ယောကျ်ားများ၊ ဆိုးညစ်သော မိန်းမများကိုလည်းကောင်း သူသည် မရှာဖွေပါ။ ဘုရားသခင်၏ လူတို့သည် ဤအရာကို အထူးဂရုစိုက်စွာသတိပြုသင့်ပါသည်။ ဘုရားသခင်နှင့်အတူစိတ်နှလုံး တညီတညွတ်တည်းဖြစ်ခြင်းနှင့် စပ်ဆိုင်သော သက်သေအထောက်အထားမရှိကြသော မည်သူမဆို၏ အစေခံခြင်းများကို အမျက်ဒေါသရှိပါသည်။“မတရားသောသူကိုကား သင်သည်ငါ၏ အထုံးအဖွဲ့တို့ကိုကြား ပြော၍ ငါ၏ပဋိညာဉ်တရားကို မြွက်ဆိုခြင်းငှာ အဘယ်သို့ဆိုင်သနည်း။ ဆုံးမသွန်သင်ခြင်းကို သင်သည် မုန်း၍ ငါ့စကားကို သင့်နောက်၌ ပစ်ထားပါသည်တကား။” ဆာ ၅၀း၁၆-၁၇

## October- 12 (အောက်တိုဘာလ ၁၂)

**“အဝတ်အဘို့၌ အဘယ်ကြောင့် စိုးရိမ်ရသနည်း။ တောနှင်းပင်တို့သည် အဘယ်သို့သောအားဖြင့် ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့” (မ ၆ း၂၈)**

ကျွန်ုပ်တို့သခင်သည် သဘာဝအရာမှ ဤမျှလောက်ရိုးစင်းသော အရာများကို မည်မျှလောက် လေ့လာသင့်ကြောင်း တွေးတောစဉ်းစားသင့်ကြောင်းကို အာရုံစူးစိုက်ရန် ပြောဆိုပါသည်။အသက်တာနှင့် စပ်ဆိုင်သော အငန်းအတာ အားလုံးတို့နှင့်အတူ ဆက်နွယ်မှု၌ လေ့လာရမည့်သင်ခန်းစာများသည် ဖန်ဆင်းရှင်၌ ယုံကြည်ခြင်းကို မှန်ကန်သော အမြင်ရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်းများကို အကူအညီဖြစ်လိမ့်မည် ဖြစ်ပြီး သူသည် တရားစီရင်ခြင်း၌ စုံလင်သောသူဖြစ်သည်ဟူ၍လည်းကောင်း၊ ဉာဏ်ပညာ၌ စုံလင်သောသူ၊ အနန္တတန်ခိုး၌ စုံလင်သောသူနှင့် ချစ်ခြင်းမေတ္တာ၌ စုံလင်သောသူဟူ၍လည်းကောင်း၊ စဉ်းစားတွေးတော နိုင်သော လူစိတ်နှလုံးမှ အလွန်မြင့်မားပြီး အလွန်မြတ်သော အရည်အချင်းများ၏စရိုက်နှင့် စနစ်များအတွက် သူသည် မဖြစ်မနေလိုအပ်ကြောင်းကို သိမှတ်နားလည်မည်ဖြစ်ပါသည်။ ဤကဲ့သို့သော စဉ်းစား တွေးတောသော နှလုံးသားသည် ကျေးဇူးတော်၌လည်းကောင်း၊ အသိပညာ၌လည်းကောင်း၊ ချစ်ခြင်းမေတ္တာ၌ လည်းကောင်း၊တိုးပွားစေပါသည်။ သေးငယ်သောအရာများကို စဉ်းစားတွေးတောရန် ပျက်ကွက်သော နှလုံးသားသည် ကြီးသောအရာများကို အသိအမှတ်ပြုဖို့ရန် ကျဆုံးမည်ဖြစ်ပြီး ဘုရားသခင်အား

သင့်လျော်စွာ စဉ်းစားတွေးတောခြင်းမှလည်းကောင်း၊ သူ၏အကြံအစည်အား သင့်လျော်စွာစဉ်းစားတွေးတောခြင်းမှလည်းကောင်း၊ သူ၏ဂုဏ်အင်္ဂါအား သင့်လျော်စွာ စဉ်းစားတွေးတောခြင်းမှလည်းကောင်း ခဲယဉ်းစေမည်ဖြစ်ပါသည်။ (နှောင့်နှေးစေမည်ဖြစ်ပါသည်။)

## October- 13 (အောက်တိုဘာလ ၁၃)

### "ငါမူကား အကျင့် (အလုပ်များ) အားဖြင့် ငါ၏ ယုံကြည်ခြင်းကို ပြမည်ဟု ပြောစရာရှိ၏။ " ( ယာ ၂း၁၈)

ယခုမျက်မှောက်ကာလ၏ ဘုရားသခင်၏ လူတို့သည် သူတို့၏အကျင့်များ၊ အလုပ်များအားဖြင့် တရားစီရင်ခြင်းခံရမည်မဟုတ်ဘဲ သူတို့၏ ယုံကြည့်ခြင်းအားဖြင့်သာ စီရင်ခြင်းခံရပါသည်။ သို့သော်လည်း အလုပ်များလိုအပ်ပါသည်။ အလုပ်များအားဖြင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ထင်ရှားပြသနိုင်ပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များနှင့် ကျွန်ုပ်တို့၏ အလိုဆန္ဒများကို မစုံလင်သောအလုပ်များအားဖြင့် သူ့အား ထင်ရှားစွာပြသနိုင်သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့ယုံကြည်ခြင်း၏ ရိုးသားမှုကို ဘုရားသခင်ထံသို့ ကျွန်ုပ်တို့၏အလုပ်များသည် ထင်ရှားပြသခဲ့သော် ထိုယုံကြည်ခြင်းအား သူသည် လက်ခံလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့သည် စုံလင်သောသူများအဖြစ် ရေတွက်ခြင်းခံရလိမ့်မည်ဖြစ်ပြီး နိုင်ငံတော်၌ပါဝင်ရန် ခွင့်ပြုခြင်းခံရမည်ဖြစ်ပါသည်။ စကားဖြင့်သာမဟုတ် အပြုအမူများအားဖြင့် ဘုရားသခင်ကို ချစ်သောသူများအတွက် ပြင်ဆင်ထားတော်မူသော ကြီးစွာသော အလွန်အဖိုးမဖြတ်နိုင်သော အရာအားလုံးတို့သည် သူတို့၏ချစ်ခြင်းမေတ္တာအား ထင်ရှားပြသရန် ဖော်ပြရန်အတွက် အသက်တာ၏ အပြုအမူများအားဖြင့် ကြိုးစားအားထုတ်ကြသော သူတို့အတွက် ဖြစ်ပါသည်။

## October- 14 (အောက်တိုဘာလ ၁၄)

### "ယဇ်ပူဇော်ခြင်းကို နှစ်သက်သည်ထက် ဖြောင့်မတ်စွာပြုခြင်း၊ တရားသဖြင့် စီရင်ခြင်းကို ထာဝရဘုရားသည် သာ၍နှစ်သက်တော်မူ၏"။ (သု ၂၁း၃)

ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ၌ ကြီးထွားရမည်။ ချစ်ခြင်းမေတ္တာသည် အဓိကကျသောအရာဖြစ်ပါသည်။သို့သော် ချစ်ခြင်းမေတ္တာကို တိုးတက်ခြင်း၌ ကျွန်ုပ်တို့သည် များစွာဖွံ့ဖြိုးတိုးတက်ရန် မပြုလုပ်နိုင်ခင် တရားသဖြင့်ပြုခြင်း၊ မှန်ကန်စွာပြုခြင်းနှင့် ဖြောင့်မတ်စွာပြုခြင်းရှိရန် ကျွန်ုပ်တို့သည် လေ့လာရမည်ဖြစ်ပါသည်။ လူသည် ကြင်နာသောလူတစ်ဦးမဖြစ်မီ တရားသဖြင့်ပြုသောသူဖြစ်သည်ဟု သုတ္တံထဲ၌ ပြောထားသော အကြောင်းအရာနှင့်စပ်ဆိုင်သော သင့်လျော်သည့် တင်ပြခြင်းတစ်ခုဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်၏ လူတို့အား တာဝန်ရှိစေပါသည်။ ထို့ကြောင့် အသစ်သော သတ္တဝါတို့သည် တရားသဖြင့် ပြုမူခြင်းနှင့် ဆိုင်သော ဤအကြောင်းအရာကို အဆက်မပြတ်လေ့လာကြလျက် ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ စွဲမှတ်ထားသော သင်ခန်းစာများကို နေ့စဉ်လက်တွေ့အသက်တာထဲသို့ ယူဆောင်ကြပါသည်။ဤကဲ့သို့

သူတို့သည် ချစ်ခြင်းမေတ္တာကို စတင်မတည်ဆောက်ခင် ဤသင့်လျော်သော အကျင့်စရိုက်လက္ခဏာ၏ အုတ်မြစ်ကို ရရှိခြင်းသည် သူတို့သည် သင့်လျော်စွာ တိုးတက်ခြင်းကိုပြုလုပ်လျက်ရှိနေသည်ကို တွေ့ရှိကြမည်ဖြစ်ပါသည်။ မတရားသဖြင့် ပြုမူခြင်းနှင့် ဖြောင့်မတ်ခြင်းတရားအတွက် မှားယွင်းသောအတွေးအခေါ်များ အပေါ် တည်ဆောက်ထားသော ချစ်ခြင်းမေတ္တာအားလုံးတို့သည် လှည့်စားသောအရာဖြစ်ပြီး တပည့်တော်ဖြစ်ခြင်းနှင့် စပ်ဆိုင်သော စစ်ဆေးခြင်းအဖြစ် သခင်ဘုရားတောင်းဆိုသော ချစ်ခြင်းမေတ္တာမဟုတ်ပါ။

## October- 15 (အောက်တိုဘာလ ၁၅)

### "ယေရှုကလည်းသင်တို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းရှိကြလော့"၊ (မာ ၁၁း ၂၂)

ကျွန်ုပ်တို့သည် သခင်ဘုရား၏နောက်လိုက်များဖြစ်လာကထဲက ကျွန်ုပ်တို့၏နေ့စဉ်အတွေ့အကြုံများကို မမြင်ရသော တန်ခိုးတော်အားဖြင့် သိသာထင်ရှားစွာသွန်သင်လျက် ကာကွယ်လျက်ရှိပါသည်။ ခရစ်တော်၏ကျောင်း၌ တပည့်များအဖြစ် ရည်ရွယ်လျက် ကျွန်ုပ်တို့အားလုံးတို့ကို သူသည် သွန်သင်လမ်းပြလျက် ကျေးဇူးတော်၌ ပို၍ပို၍ တိုးတက်စေပါသည်။ အထူးသဖြင့် ယုံကြည်ခြင်း၌ ပို၍ တိုးတက်စေပါသည်။ ယုံကြည်ခြင်းအတွက် ဤသေးငယ်သောသတင်းစကားသည် မည်မျှလောက်အရေးကြီးသည်ကို ယခုတွင် ကျွန်ုပ်တို့သည် အပြည့်အဝအသိအမှတ်မပြုနိုင်ပါ။ အထူးသဖြင့် သခင်ဘုရားသည် သူ၏နောက်လိုက်များဖြစ်ရန် ယခုကာလတွင် ခေါ်တော်မူခြင်းကို ခံရသောသူတို့၌ ရှာဖွေနေသောအရာတစ်ခုဖြစ်ရန် ထင်မြင်ရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ယုံကြည်သည့်အတိုင်း ဆင်းရဲဒုက္ခ၌ပင်လျှင် ကျွန်ုပ်တို့သည် ဝမ်းမြောက်နိုင်လိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခ၌ မဝမ်းမြောက်နိုင်ပါ ။သို့သော် ယုံကြည်ခြင်းနှင့်ချိတ်ဆက်ထားသောအတွေး၌ ကျွန်ုပ်တို့သည် ဝမ်းမြောက်နိုင်ပါသည်။ ဤအရာများသည် ထာဝရဘုန်းအသရေနှင့်ပို၍ ကောင်းမွန်သော နိစ္စထာဝရဘုန်းအသရေအတွက် ကျွန်ုပ်တို့ကိုပြုလုပ်ထားသော ပေါ့ပါးသည့်ဒုက္ခဆင်းရဲများဟု ခေါ်ဆိုနိုင်ပါသည်။

## October- 16 (အောက်တိုဘာလ ၁၆)

### "လေပြင်းကို ပျောက်စေတော်မူ၍ လှိုင်းတံပိုးများလည်း ငြိမ်ဝပ်ကြ၏" (ဆာ ၁၀၇ း ၂၉)

လူ၏မုန်းတီးခြင်းများ ၊ ဆန့်ကျင်ခြင်းများ၏ အစိတ်အပိုင်းများ ကြီးမားလျက်ရှိသောအလယ်၌ သခင်ဘုရား၏ အမူအရေးကို ရည်ညွှန်းပါသည်။ လှေထဲ၌ ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသောသခင်နှင့် သူ၏အချိန်နှင့် သူ၏နည်းလမ်း၌ လောကအားငြိမ်သက်စေဟု ပြောဆိုခြင်း၌သူ၏ကြီးမြတ်တော်မူသော တန်ခိုးတော်နှင့် စပ်ဆိုင်သော အတွေးကို ဆုတ်ကိုင်နိုင်သည့် ယုံကြည်ခြင်းမှတစ်ပါး ထိုကာလများ၌

ကျွန်ုပ်တို့၏ နှလုံးသားများသည် စိတ်ပျက်အားလျော့ကြလိမ့်မည်ဖြစ်ပါသည်။မှောင်မိုက်သော အချိန်ကာလသည် ရှိနေလျှင်လည်းကောင်း၊ များစွာသောသူတို့သည် ကြောက်ရွံ့ခြင်းနှင့်တုန်လှုပ်ခြင်း၌ အော်ဟစ်ကြသော လေပြင်းမုန်တိုင်းသည် အလွန်ပြင်းထန်လိမ့်မည်ဖြစ်သော အချိန်ကာလသည် ရောက်ရှိလာခဲ့လျှင်လည်းကောင်း၊ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အတွက် အံ့သြစရာ ဖြစ်ကြရလိမ့်မဟုတ်ပါ။ ယခုနေ့ရက်ကာလ၏ အလွန်တန်ဖိုးရှိသော အတွေ့အကြုံများကို ကောင်းစွာလေ့လာကြပါစို့။ ထိုအခါ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ကျရှုံးလိမ့်မည်မဟုတ်ပါ။ မှောက်မိုက်သော အချိန်နာရီ၌ ကျွန်ုပ်တို့ကိုချစ်တော်

မူသောသူ သူ၏အသွေးတော်အားဖြင့် ကျွန်ုပ်တို့ကို ရွေးဝယ်ခဲ့သောသူ၌ မောရှေ၏ သီချင်းနှင့် သိုးသငယ်၏ သီချင်းကို ဝမ်းမြောက်စွာ သီဆိုနိုင်မည် ဖြစ်ပါသည်။

## October- 17 (အောက်တိုဘာလ ၁၇)

**"အတောင်တော်အမွေးနှင့် ဖုံးအုပ်တော်မူ၍ အတောင်တော်အောက်၌ သင်သည် လုံခြုံစွာ နေရလိမ့်မည်။ သစ္စာတော်သည် သင်၏ဒိုင်းလွှား ဖြစ်လိမ့်မည်။" (ဆာ ၉၁ း၄)**

ဘုရားသခင်သည်သူ၏နှလုံးသားနှင့် အလွန်နီးကပ်လျက် သူ့မေတ္တာ၏ နွေးထွေးမှုကို ခံစားသော သူ၏သစ္စာရှိသော သားသမီးတို့ကို စုသိမ်းပါသည်။ သူတို့၏နှလုံးသားတို့မှ တုံ့ပြန်သော ဘာသာစကားမှာ "ငါသည် သူ၏ထာဝရကာကွယ်ခြင်း၏ အောက်ဗိမာန်တော်၌ တည်ရှိလိမ့်မည်" ဟူ၍ဖြစ်ပါသည်။ငါသည် သူ၏ အတောင်တော်၌ ခိုလှုံကိုစားမည်။ အကြောင်းမူကား သူသည် ကျွန်ုပ်တို့၏ အကာအကွယ်နှင့် ရန်သူများမှ ခိုင်မာသောရဲတိုက်ဖြစ်သည်။ အကြောင်းမူကား ကျွန်ုပ်တို့၏ ပဋိညာဉ် ဆက်ကပ်အပ်နှံခြင်းများကို သူသည် ကြားခဲ့တော်မူသောကြောင့်လည်းကောင်း၊သူ၏နာမတော်ကို ကြောက်ရွံ့သော သူတို့အတွက် ပေးတော်မူသော အမွေကြောင့်လည်းကောင်းဖြစ်ပါသည်။ ဆာ ၆၁း၄၊ ၃ ၊ ၅ သူ၏ဘုန်းတန်ခိုးတော်ကို ကျွန်ုပ် သီချင်းဆိုမည်။ နံနက်အချိန်၌ သူ၏ဂရုဏာတော်ကို အကျွန်ုပ်သည် ကျယ်သောအသံဖြင့် သီချင်းဆိုမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ခဲယဉ်း ဆိုးယုတ်သော နေ့ရက်ကာလ၌ သူသည် ကျွန်ုပ်၏အကာအကွယ်နှင့် ခိုလှုံရာဖြစ်သောကြောင့် ဖြစ်ပါသည်။ ဆာ ၅၉း၁၆။

## October- 18(အောက်တိုဘာလ ၁၈)

**"အလုပ်လုပ်သောအခါ ပျင်းရိသောသူသည် မိမိဥစ္စာကို အချည်းအနှီး ကုန်စေသောသူနှင့် ညီအစ်ကိုတော်ပေ၏။" (သု ၁၈း၉)**

အချို့သောနေရာများတွင် သူတို့သည် ဘုရားသခင်၏ စိတ်နှလုံးကို နားလည်ခြင်း၌မည်မျှကြီးပွား တိုးတက်အောင်ပြုလုပ်နိုင်ကြပါစေ။သူတို့သည်ဤသီးသန့်အခြေအနေ(ဖြုန်းတီးခြင်း)၌ယခုထိတိုင်လိုအပ်

လျက်ရှိနေသေးသည်ဟု ခံစားမှုမရှိဘဲ ဘုရားသခင်၌ ဆက်ကပ်အပ်နှံထားသောလူတို့၌ ဖြုန်းတီးခြင်းကို ကျွန်ုပ်တို့မမြင်နိုင်ပါ။ လက်ဆောင်ကို အသိအမှတ်ပြုခြင်းနှင့် ပေးသောသူအား အသိအမှတ်ပြုခြင်းသည် ကောင်းကင်ဘုံရှင် ခမည်းတော် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံရောက်ရှိလာသော အရာအားလုံးတို့နှင့် ပတ်သက်၍ ဂရုစိုက်ခြင်းနှင့် ဘဏ္ဍာစိုးတစ်ဦးဖြစ်ခြင်းကို ရည်ညွှန်းပါသည်။(တင်္ဂအရာများနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ အရာများအတွက်) ကျွန်ုပ်တို့ဘုရားသခင်၏ ပုံဥပမာများအရ ယခု ကျွန်ုပ်တို့ကို အပ်နှင်းထားတော်မူသော ဆုကျေးဇူးများ၊ အခွင့်အလမ်းများ၊ ကောင်းကြီးမင်္ဂလာများ၊ တဒင်္ဂဆိုင်ရာအရာများ၊ ဝိညာဉ်ပိုင်းဆိုင်ရာ အရာများကို ကျွန်ုပ်တို့၏ အသုံးပြုခြင်း (သို့) ကျွန်ုပ်တို့၏ အလွဲသုံးစားပြုခြင်းနှင့် စပ်ဆိုင် အတိုင်းအတာကို စဉ်းစားတွေးတောခြင်း၌ သူသည် ကျွန်ုပ်တို့၏ မေတ္တာနှင့် ဖွဲ့ လုံ့လကို တိုင်းတာပါသည်။

## October- 19 (အောက်တိုဘာလ ၁၉)

**"သင်တို့သည် အဘိုးမပေးဘဲ ကျေးဇူးတော်ကို ခံရကြပြီဖြစ်၍ အဘိုးမခံဘဲ ပေးကမ်းကြလော့" (မ ၁၀ း၈)**

ကျွန်ုပ်တို့အား အလွန်ကြီးစွာ လန်းဆန်းစေလျက် သန့်စွမ်းခဲ့သော ကောင်းကြီးမင်္ဂလာနှင့်ပြည့်စုံတော်မူသော အစားအစာကို ဆာမွတ်တောင့်တလျက်ရှိကြသောသူ အပေါင်းတို့အားပေးရန် ကျွန်ုပ်တို့သည် နိုးနိုးကြားကြား သတိရှိကြပါစို့။ အကယ်၍ သူတို့သည် ထိုအရာကို မရရှိခဲ့သော် သူတို့သည် အားလျော့လျှက် အခြားမစမှုများကို သူတို့သွားသောလမ်းအားဖြင့် ရှာဖွေကြမည်ဖြစ်ပါသည်။ ယုံကြည်ခြင်းအိမ်သူအိမ်သားများ လိုအပ်သောအရာအားလုံးသည် ကျွန်ုပ်တို့၌ ရှိကြပါသည်။ ထိုအရာမပါဘဲ သူတို့သည် သူတို့၏ ရပ်တည်မှုကို မထိန်းသိမ်းနိုင်ကြပါ။ သူတို့သည် ရှေ့သို့ဆက်မသွားနိုင်ကြပါ။ အမှတ်တကယ် သူတို့သည် စိတ်ပျက်လာကြမည်ဖြစ်ပါသည်။ အခြားသူများထံ အသက်မှန့်အားဖြန့်ဝေခြင်းအတွက် ငွေရေးကြေးရေးနှင့်ဆိုင်သော နည်းလမ်း၌ ဘာမဆိုကျွန်ုပ်တို့တွင် ရှိနိုင်ပါသည်။ (သို့)သမ္မာတရား၏ အသိပညာနှင့် ပတ်သက်၍ ကျွန်ုပ်တို့တွင် ဘာမဆိုရှိနိုင်ပါသည်။ ထိုအရာများကို တစ်ကိုယ်ကောင်းဆန်စွာ စုဆောင်းထားဖို့ မဟုတ်ပါ။ တစ်ကိုယ်ကောင်းဆန်စွာ ကျွန်ုပ်တို့ကိုယ်တိုင်စားသောက်ဖို့ မဟုတ်ပါ။ ၎င်းကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံထားပြီး ဖြစ်ပါသည်။ ထိုဆက်ကပ်အပ်နှံထားခြင်းမှ ဘုရားသခင်သည် အခြားသူများထံ ကောင်းကြီးမင်္ဂလာကို ဆောင်ယူမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ ဦးခေါင်းများနှင့် နှလုံးသားများ အပေါ်တွင် ကောင်းကြီးမင်္ဂလာများကို တိုးပွားစေမည်ဖြစ်ပါသည်။

## October- 20(အောက်တိုဘာလ ၂၀)

**"တောခွေးစုထဲသို့ စေလွှတ်သကဲ့သို့ သင်တို့ကို ငါစေလွှတ်၏" ထိုကြောင့် သင်တို့သည် မြွေကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်း လျက်ရှိကြလော့။" (မ ၁၀ း ၁၆)**

သခင်၏ချစ်လှစွာသော လူအပေါင်းတို့သည် သမ္မာတရားကို အစေခံရန် သူတို့၏ကြိုးပမ်းအားထုတ်မှုများနှင့် ဆက်နွယ်ခြင်း၌ ဉာဏ်ပညာ၏တန်ဖိုးကို လေ့လာသင့်ပါသည်။ ကျွန်ုပ်တို့၏သခင်သည် ကျွန်ုပ်တို့အား "မြွေကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက် ရှိကြလော့"။ ဟူ၍ သွန်သင်ရုံသာမက သူ၏လမ်းစဉ်၌ ဤသင်ခန်းစာကို သူသည် နမူနာပေးခဲ့ပါသည်။ "သင်တို့ကိုပြောရန် ငါ၌ များစွာရှိ၏။ သို့သော် သင်တို့သည် ယခုမခံနိုင်ကြဟု" တမန်တော်တို့အား အခြားသော အချိန်၌ ပြောဆိုခဲ့ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း သေချာသော သမ္မာတရားများကို ဖော်ပြရန်အတွက် အခွင့်အလမ်းရှိသော အချိန်နှင့် အခွင့်အလမ်းမရှိသော အချိန်ကိုလည်းကောင်း၊ သမ္မာတရားများကို တင်ပြရန် ဉာဏ်ပညာမဲ့သော နည်းလမ်းရှိကြသည်ကို ကျွန်ုပ်တို့သည် လေ့လာသင့်ကြပါသည်။ ကျွန်ုပ်တို့သည် မှားယွင်းသောတရားကို မပြောဆိုခြင်းနှင့် မလုံလောက်ပါ။ ကျွန်ုပ်တို့သည် သမ္မာတရားကို ပြောဆိုနေခြင်းနှင့်လည်း မလုံလောက်ပါ။ ချစ်ခြင်းမေတ္တာ၌ သမ္မာတရားကို ကျွန်ုပ်တို့ ပြောဆိုခြင်းနှင့် လေ့ကျင့်ထားသော ချစ်ခြင်းမေတ္တာသည် ပို၍ကောင်းမွန်သော ပြီးပြည့်စုံနိုင်သည့် ဉာဏ်ပညာကို အသုံးပြုပါသည်။

## October- 21(အောက်တိုဘာလ ၂၁)

### "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော"။ (လု ၁၁ း ၂)

ဤအရာသည် ဘုရားသခင်နှင့် စပ်ဆိုင်တော်မူသော ကောင်းမြတ်ခြင်း၊ ကြီးမြတ်ခြင်းနှင့်လိုက်လျောညီထွေသော ရိုသေလေးမြတ်ခြင်းတို့အား ကြည်ညိုကိုးကွယ်ခြင်းနှင့် အသိမှတ်ပြုခြင်းကို ဖော်ပြပါသည်။ ဘုရားသခင်ထံ ကျွန်ုပ်တို့၏ ဆုတောင်းပန်ခြင်းနှင့် စပ်လျဉ်း၍ လိပ်မူရာ၌ ပထမဆုံးအတွေးသည် ကျွန်ုပ်တို့ကိုယ်ကို ရည်ညွှန်းသော တစ်ကိုယ်ကောင်းဆန်သော အရာတစ်ခုမဖြစ်သင့်သလို ကျွန်ုပ်တို့အတွက် တန်ဖိုးရှိသော အခြားသူများကို ရည်ညွှန်းသောအတွေးရှိဖို့မဟုတ်ပါ။ ကျွန်ုပ်တို့၏အတွေးများ၊ ရည်မှန်းချက်များနှင့် တွက်ချက်ခြင်းများ၌ ဘုရားသခင်သာလျှင် ပထမဖြစ်ရပါမည်။ ကောင်းကင်ဘုံရှင်ခမည်းတော်ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းခြင်း၌ တစ်ထပ်တည်းဖြစ်လိမ့်မည် မဟုတ်သော ဆုတောင်းရန်အတွက် ကျွန်ုပ်တို့တွင် ဘာမျှမရှိပါ။ သူသည် ကျွန်ုပ်တို့အား ဆုတောင်းရန် အပြည့်အဝသဘောတူညီခြင်းနှင့် စေခိုင်းခြင်းဖြစ်လိမ့်မည် မဟုတ်သော ကျွန်ုပ်တို့ကိုယ်တိုင်အတွက်နှင့် ကျွန်ုပ်တို့ချစ်သောသူများအတွက် ဆန္ဒရှိရန် ကျွန်ုပ်တွင် ဘာမျှမရှိပါ။ ဘုရားသခင်အား ရိုသေလေးမြတ်ခြင်းနှင့် စပ်ဆိုင်သော ဤအတွေးထက် များပြားစွာ ကြွေးကြော်လျက်ရှိသော ခရစ်ယာန်များအကြား၌ ဖုံးအုပ်ထားခံရခြင်း၏ ကြီးစွာသော အန္တရာယ်၌ နှလုံးသားအရည်အချင်း မရှိနိုင်ပါ။

## October- 22 (အောက်တိုဘာလ ၂၂)

**“ငါသောက်ရအံ့သော ခွက်ကို သောက်ခြင်းငှာလည်းကောင်း၊ ငါခံရသော ဗတ္တိဇံကိုခံခြင်းငှာ လည်းကောင်း သင်တို့သည် တတ်စွမ်းနိုင်သလော။? (မ ၂၀း ၂၂)**

လမ်းကျဉ်း၌ ကျွန်ုပ်တို့သခင်၏ ရဲရင့်ခြင်းသည် ကြည်ညိုလေးစားမှုနှင့်အတူ ကျွန်ုပ်တို့အား ပြည့်စေပါသည်။ မည်မျှလောက် ခိုင်မာသည့်စရိုက် လက္ခဏာတစ်ခုဖြစ်ခဲ့သည် မဟုတ်ပါလော။ နောက်ပြန်လှည့်ဖို့ အတွေးသူ၌ မရှိခဲ့ပါ။ သူ့ခမည်းတော်၏ အလိုတော်ပြီးပြည့်စုံခြင်းအပေါ် စိတ်ဝင်စားခဲ့ပါသည်။(အခြားသူများ အတွက် စိတ်ဝင်စားမှု၌ သူကိုယ့်ကို ယဇ်ပူဇော်ခြင်း)အပေါ်တွင် သူတို့၏ရှေ့တွင် တမန်တော်များမြင်ခဲ့ သောမွန်မြတ်သောနည်းလမ်း တခုမှာ အစေခံခြင်းတလျောက်လုံးကို အောင်မြင်စေခဲ့သော နှိမ့်ချခြင်း၌ကြီးမြတ်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် သူ၏ခွက်ကို သောက်ခြင်းနှင့် သူ၏သေခြင်းထဲ၌မြုပ်နှံခြင်းမရှိခဲ့လျှင် ဘုန်းအသရေနှင့် စပ်ဆိုင်သော သူ၏နိုင်ငံတော်၌ ပါဝင်နိုင်မည်မဟုတ်သည်ကို ကျွန်ုပ်တို့၏ စိတ်နှလုံးများရှေ့၌ အလွန်ရှင်း လင်းစွာ ရှိသင့်သည်မှာ အလွန်ကောင်းပါသည်။ဤမဖြစ်မနေလိုအပ်သော အတွေ့အကြုံကို ရရှိရန်ဆုံးရှုံး နစ်နာမှုများအဖြစ်လည်းကောင်း ရှုံးစေသောအရာ၌ တန်ဖိုးမရှိသောအရာအဖြစ်လည်းကောင်း ခပ်သိမ်း သော အရာအားလုံးတို့ကို ကျွန်ုပ်တို့ ရေတွက်ကြပါစို့။ သမရိုးကျမဟုတ်သော ထူးဆန်းသောအရာအချို့ ကျွန်ုပ်တို့ထံ ဖြစ်ပျက်လာသကဲ့သို့ ကျွန်ုပ်တို့ ထံရောက်လာခဲ့သော် ကြောက်ရွံ့ခြင်းမရှိကြပါနဲ့။ ကျွန်ုပ်တို့ ထံသို့ ရောက်လာသော မီးစစ်ခြင်းအရာကို အံ့ဩသောအရာ တစ်ခုအဖြစ် မထင်ကြပါနှင့် ။တနည်းအားဖြင့် ဆိုသော်ယခုအချိန်ကာလတွင် သခင်နှင့်အတူ ဒုက္ခဆင်းရဲခံ၍တဖြည်းဖြည်း သူနှင့်အတူ ဘုန်းအသရေ ၌ ဝင်စားဖို့ရန်အတွက် ကျွန်ုပ်တို့အား ခေါ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

## October- 23 (အောက်တိုဘာလ ၂၃)

**“ထိုနည်းတူ သင်တို့တွင် အကဲအမှူးပြုလိုသော သူကို သင်တို့ အစေခံ ဖြစ်စေ”။ (မ ၂၀း ၂၈)**

တပါးအမျိုးသားတို့ကြားထဲ၌ အစေခံခြင်းမရှိဘဲ အစေခံခြင်းကိုရကြသော အုပ်စိုးသူများသည် သခင်ဖြစ်ကြပါသည်။ သို့သော် သခင်ယေရှု၏နောက်လိုက်များအကြား၌ စည်းမျဉ်းသည် ပြောင်းပြန်ရှိရန် ဖြစ်ပါသည်။ များစွာ အစေခံသောသူသည် အလွန်မြင့်မားစွာ ကြည်ညိုလေးစားခြင်းခံရမည့်သူဖြစ်ပါသည်။ ဘုရားသခင်နှင့် စပ်ဆိုင်သောအစီအစဉ်၌ မည်မျှလောက်လှပခြင်းရှိသည် မဟုတ်ပါလော။ မှန်ကန်သော သဘောထားရှိကြသော သူအပေါင်းတို့သည် ဤနေရာ၌ ချထားလျက်ရှိသော နိယာမသဘောတရားနှင့် အတူ တစ်လျှောက်လုံး မည်မျှလောက် ထောက်ကူနိုင်သည်မဟုတ်ပါလော။ မည်မျှလောက် ကျိုးကြောင်း ဆီလျော်လှသည် မဟုတ်ပါလော။ မည်မျှလောက် လောကီ၏ သွန်သင်ချက်ကိုဆန့်ကျင်နေသည် မဟုတ် ပါလော။ ဤနုတ်ကပတ်တော်၏ သဘော၌ သခင်ဘုရား၏ နောက်လိုက်များသည် သူတို့၌ အခွင့်အလမ်း

ရှိသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး အစေခံခြင်းနှင့် လူအပေါင်းတို့နှင့် အသင့်အတင့်နေခြင်းအတွက်ငှင်း ကောင်းသော အလုပ်များအတွက်ငှင်း သူတို့၏ဇွဲလုံ့လ၌ သီးခြားလူတို့ အမှန်တကယ်ဖြစ်ကြပါသည်။

## October- 24 (အောက်တိုဘာလ ၂၄)

**"ကိုယ်တော်ကို ထုတ်သွားကြစဉ်ရှိမုန်အမည်ရှိသော ကုရေန ပြည်သား တစ်ယောက်သည် တောရွာမှလာသည်ကို သူတို့သည်တွေ့လျှင် ဖမ်းဆီး၍ ယေရှုနောက်တော်၌ လက်ဝါးကပ်တိုင်တော်ကို ထမ်းစေကြ၏။ (လု ၂၃း ၂၆)**

ကားတိုင်ကိုသယ်ဆောင်ခြင်း၌ ချီးမွမ်းဖွယ်ရာ ရှိမုန်၏ကူညီခြင်းနှင့်စပ်ဆိုင်သော အခွင့်အလန်းကို ဖယ်ရှားခဲ့သော် သခင်ယေရှု၏ ဝန်အားပြေး၍ အကူအညီပေးရန် သူတို့သည် မမြင်ခဲ့ကြသည့် ပေတရု၊ ယာကုပ်၊ ယောဟန် တို့သည် အဘယ်မှာ ရှိခဲ့ကြသနည်းဟု မကြာခဏ ကျွန်ုပ်တို့သည် အံ့သြခဲ့ကြပါသည်။ များစွာသော သခင်ဘုရား၏ ညီအစ်ကိုများသည် သင်္ကေတနှင့်ဆိုင်သော ကားတိုင်ကို သယ်ဆောင်လျက်ရှိကြသည်ဟု ကျွန်ုပ်တို့ထင်ဟပ်ကြပါစို့။ သူတို့အား ကူညီရန် ကျွန်ုပ်တို့၏ အခွင့်အလန်းဖြစ်ကြပြီး သူ၏သစ္စာရှိသော နောက်လိုက်များအား မည်သည့်ဝန်ဆောင်မှုမျိုးကိုမဆိုပြုလုပ်ပေးခြင်းသည်သူ၏လူတို့အား အပြန်အလှန်အားဖြင့် ပြုလုပ်ပေးသကဲ့သို့ သခင်ဘုရားသည် ထင်မှတ်ရန် သဘောတူပါသည်။ သစ်သားကားတိုင်သည် ကျွန်ုပ်တို့သခင်၏ အလွန်လေးလံသော ဝန်မဟုတ်သကဲ့သို့ ထိုနည်းတူ လောကမှ မမြင်နိုင်၊ မသိနိုင်သော ၊ညီအစ်ကိုများသာနားလည်သည့် သူ၏နောက်လိုက်များတွင်ရှိသော ကားတိုင်များ ရှိကြပါသည်။ ထမ်းရွက်စရာဝန်တို့ကို သင်တို့သည် တစ်ဦးနှင့်တစ်ဦး ကူညီ၍ ထမ်းရွက်ခြင်းအားဖြင့် ခရစ်တော်၏တရားကို ပြည့်စုံကြပါစို့။

## October- 25 (အောက်တိုဘာလ ၂၅)

**"ရဲရင့်စွာ စီရင်ကြလော့" ထာဝရဘုရားသည် ကောင်းသော သူတို့ဘက်မှာ နေတော်မူမည်ဟု မှာထားတော်မူ၏" (၆ရာ ၁၉း၁၁)**

မှန်ကန်သောသဘောနှင့်သော်လည်းကောင်း၊ ချစ်ခြင်းမေတ္တာနှင့်သော်လည်းကောင်း နှစ်မျိုးစလုံး၌ ကြင်နာသောအပြုအမူ၌ ဆွဲဆောင်မှုမရှိသော၊ ပျော်စရာမကောင်းသော အလုပ်များကို လုပ်ဆောင်ရန် ရှာဖွေနေစဉ်၊တာဝန်ထမ်းဆောင်ရန် တာဝန်ရှိသော မည်သူကိုမဆို သူ့အား မကြောက်လန့်ပါစေနဲ့။ ကျွန်ုပ်တို့သည် လူကို မကြောက်။ ဘုရားသခင်ကိုသာ ကြောက်ရွံ့ကြပြီး သူကျေနပ်စေရန်အတွက် စိတ်ဆုံးဖြတ်ထားကြပါစို့။

လောကကို တိုက်ခိုက်ပါစေ။ ဘုရားသခင်သည် ကြီးကြပ်လျှက် နောက်ဆုံးတွင် ရလဒ်များသည် ဘုန်းအသရေနှင့် ပြည့်စုံလိမ့်မည်ဖြစ်ပါသည်။ ဤလောကနှင့်မသက်ဆိုင်ဘဲ အသစ်သောနိုင်ငံ၊ အသစ်သော သတ္တဝါနှင့်ဆိုင်သော သူများဖြစ်ကြပါစို့။ ဇာတိပကိနှင့်ဆိုင်သော လက်နက်ကို မသုံးဘဲ ဝိညာဉ်တော် ၏

ခါးကိုသုံးလျက် ကျွန်ုပ်တို့ရှေ့၌ ထားတော်မူသော ဘုန်းအသရေနှင့်ဆိုင်သော အရာများကို စွဲကိုင်လျက်ယုံကြည်ခြင်းနှင့်ဆိုင်သော ကောင်းသောတိုက်လှန်ခြင်းကို ပြုကြပါစို့။ ကျွန်ုပ်တို့အတွက်သာလျှင် မဟုတ်ဘဲတူညီသော ကောင်းကင်ဘုံဆိုင်ရာ စစ်တပ်ဖွဲ့၌ တူညီသောအသက်သစ်ကို ဒုတိယအကြိမ် အစပြုမွေးဖွားထားသော အင်္ဂါများအားလုံးတို့ကို ကယ်တင်ခြင်း၏ ကပ္ပတိန်၊ ခန္ဓာကိုယ်၏ ဦးခေါင်းဖြစ်သော သူထံတွင် ပြည့်စုံရန် ရပ်တည်ရန် ကူညီကြပါစို့။

## October- 26 (အောက်တိုဘာလ ၂၆)

### “သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြလော့။” (၁ပေ ၅း ၇)

ဤအရာသည် နုတ်ကပတ်တော်မှ အလွန်နှစ်သိမ့်ခြင်းနှင့် အားပေးအကြံပြုခြင်းတစ်ခုဖြစ်ပါသည် ။ သခင်ဘုရား၏ လူတို့သည် မည်သို့ပင်ဖြစ်စေကာမူ ဘုရားသခင်၏မိသားစုထဲ၌ မိသားစုဝင်ဖြစ်ခြင်းနှင့် စပ်ဆိုင်သောသူတို့၏နှစ်ကာလများနှင့်ဆက်လက်တက်ရောက်နေသော ခရစ်တော်၏ကျောင်း၌ စောင့်ရှောက်မှုအတိုင်း ရှင်းလင်းစွာပို၍ ပို၍ လေ့လာကြရမည်ဖြစ်ပါသည်။ သူတို့၏ဉာဏ်ပညာနှင့်အညီ သူတို့၏ ကြိုးစားအားထုတ်မှုကို လမ်းပြရန် ဘုရားသခင်ထံ သူတို့သည် တောင်းလျှောက်ရမည်မဟုတ်ပါ။ သူတို့၏ အလိုဆန္ဒများသည် ကောင်းကင်ပေါ်မြေကြီးပေါ်တွင် ပြည့်စုံစေလိမ့်ဟု သူ၏သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာကို သူတို့ အသက်တာထဲ၌ သူတို့သည် သိမှတ်နားလည်လျက် သူ၏နုတ်ကပတ်တော်မှ နှစ်သိမ့်ခြင်းစိတ်ချမှုများနှင့် ကိစ္စကြီးငယ်တို့ကို ဘုရားသခင်အား ပြောရန်သာဖြစ်ပါသည်။ အကယ်၍သူတို့သည် သူထံ၌ ယုံကြည်စိတ်ချမှုနှင့် ခိုလှုံကိုးစားမှု၌ ဆက်လက်တည်နေမည်ဆိုလျှင် သူတို့၏ အတွေ့အကြုံများအားလုံးတို့ကို သူတို့အတွက် အကျိုးဖြစ်ထွန်းသောရလဒ်ကို ပြုလုပ်ရန် သူသည် တတ်စွမ်းနိုင်ခြင်းနှင့် အလိုဆန္ဒ နှစ်မျိုးစလုံး ရှိသောသူ ဖြစ်ပါသည်။

## October- 27 (အောက်တိုဘာလ ၂၇)

### “ကျွန်ုပ်၌ဖြစ်လေသမျှသော အမှုအရာတို့ကို ကိုယ်တော်စီရင်ပိုင်တော်မူ၏။” (ဆာ ၃၁း၁၅) (my times are in thy hand)

သခင်ဘုရား၏ ဆက်ကပ် အပ်နှံထားသော အစေခံများအားလုံးတို့သည် သိုးသငယ်၏နောက်လိုက်များ ဖြစ်လာကြသောအချိန်တွင် သူတို့၏ အသက်တာများကို စတေးရန်အတွက် အချိန်စွမ်းအားကိုအကုန်ခံခဲ့ကြပါသည်။ သူတို့သည် သူတို့၏ ဆက်ကပ်အပ်နှံခြင်းကို ဆက်လက်အသိမှတ်နိုင်မည် ဆိုလျှင်သူတို့သည် မည်ကဲ့သို့သော နည်းလမ်းအားဖြင့် မဆိုသူ၏ပြင်ဆင်မစခြင်းများကို ခွင့်ပြုလျက်သခင်ဘုရား၏ စိတ်ကျေနပ်စေခြင်း၌ မည်သည့်အချိန်၌မဆို ပြီးပြည့်စုံဖို့ရန်အတွက် အဆင်သင့်ရှိလိမ့်ဖြစ်ပါသည်။

ဧလိယ အတန်းအစားဖြစ်သည့် သခင်ဘုရား၏ ဆက်ကပ်အပ်နှံထားသောသူတို့သည် ခမည်းတော်ဘုရားသခင်၏ အခွင့်မရှိလျှင် သူတို့၏ခေါင်းမှ ဆံပင်တစ်ချောင်းမျှ မြေပေါ်သို့ မကျနိုင်သည်ကို အောက်မေ့သတိရကြရမည်ဖြစ်ပါသည်။ သူတို့၏ နှလုံးသားများ၏ သဘောထားသည် **"ငါ့အတွက် ခမည်းတော်ပေးတော်မူသော ခွက်ကို ငါ မသောက်သင့်ဘူးလား"** ဟု ဧလိယကိုယ်၏ ဦးခေါင်း၊ ကျွန်ုပ်တို့ ချစ်လှစွာသော ရွေးနုတ်ရှင်အားဖြင့် ဖော်ပြခဲ့သည့်အတိုင်း ဖြစ်သင့်ပါသည်။ သူတို့နှလုံးသားများ၏ ဘာသာစကားသည် ကဗျာအားဖြင့် ဖော်ပြထားသည့်အတိုင်း ဖြစ်သင့်ပါသည်။

*ဘယ်လိုအခြေအနေမျိုးကို ကျွန်ုပ် တွေ့မြင်နေပါစေ။ ကျေနပ်ရောင့်ရဲပါသည်။*
*ကျွန်ုပ်ကို ဦးဆောင်လျက်ရှိတော်မူသော ကျွန်ုပ် ဘုရားသခင်ထံမှ*
*ဖြစ်လာသောကြောင့်ဖြစ်ပါသည်။*

## October- 28 (အောက်တိုဘာလ ၂၈)

**"ဘုရားသခင်၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသီတင်းကို ကြားပြောစေခြင်းငှာ။ ငါ့ကိုဘိသိတ်ပေးတော်မူပြီ။နှလုံးကြေကွဲသော သူတို့၏အနာကိုစည်းစေခြင်းငှာလည်းကောင်း၊ဘမ်းသွားချုပ်ထားလျက် ရှိသော သူတို့အားလွှတ်ခြင်း အကြောင်းနှင့် အကျဉ်းခံလျက်ရှိသော သူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကိုပြစေခြင်းငှာလည်းကောင်း ထာဝရဘုရား၏ မင်္ဂလာနှစ်နှင့် . . . . စိတ်မသာညည်းတွားသော သူတို့ကို နှစ်သိမ့်စေခြင်းငှာလည်းကောင်း။" (ဟေရှာ ၆၁း ၁-၂)**

ကျွန်ုပ်တို့အားစေခိုင်းသည့်အလုပ်သည် သူတို့၏အပြစ်အနာအဆာများနှင့် အားနည်းချက်များကို သိမှတ်နားလည်ခဲ့ကြသော သူများကိုလည်းကောင်း၊ ခိုလှုံရာနှင့် လွတ်မြောက်ခြင်းအတွက် ရှာဖွေနေကြလျက်ရှိသော စိတ်နှလုံးနှိမ့်ချလျှက် ကြေကွဲသောသူတို့နှင့် စိတ်မသာညည်းတွားသော သူတို့ကို ရှာဖွေရန်ဖြစ်ပါသည်။ ဤလောက၏ အပြစ်ကိုဆောင်ယူသွားသော ဘုရားသခင်၏ သိုးသငယ်ကိုသူတို့အား ညွှန်ပြရန်အတွက်သော်လည်းကောင်း၊ သေခြင်းမှ သေလွန်သူများအတွက် ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သော လုပမှုနှင့် ဤမျက်မှောက်ကာလမှ ဝန်လေးပင်ပန်းခြင်းများ၊ စိတ်ပျက်ခြင်းများ၊ ဝမ်းနည်းကြေကွဲခြင်းများနှင့် အခက်အခဲများကို တဖြည်းဖြည်း အစားထိုးမည့်သခင်ဘုရားကတိထားတော်မူသော ဘုန်းအသရေကိုရှင်း သူတို့အား ညွှန်ပြရန်သည် ကျွန်ုပ်တို့၏တာဝန်၊ စေခိုင်းချက်၏ အစိတ်အပိုင်းဖြစ်ပါသည်။ သူတို့၏နုတ်များ၌ ကျွန်ုပ်တို့ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ဂရုဏာတော်ဖြစ်သော အသစ်သောသီချင်းနှင့်အတူ အသစ်သော အသက်တာ၌ စတင်လျှောက်လှမ်းရန်နှင့် မတ်တပ်ရပ်လျက် ကျေးဇူးတော် ဝတ်လုံများကို ချက်ချင်းဝတ်ဆင်

ရန်အတွက် သူတို့ကို ကူညီရန်နှင့် နံနက်ယံ၌ ဝမ်းမြောက်ခြင်းသည်လာ၏” ဟုပြောဆိုရန်သည် ကျွန်ုပ်တို့ အတွက် စေခိုင်းချက်ဖြစ်ပါသည်။ (ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။)

## October- 29 (အောက်တိုဘာလ ၂၉)

**“ငါတို့သည် အမျိုးမျိုးသော နှောင့်ယှက်ခြင်းကို ခံရသော်လည်း၊ အကျိုး နည်းခြင်းသို့မရောက်၊ မကြံစည်နိုင်သော်လည်း စိတ်မပျက်၊ ညှင်းဆဲ ခြင်းကိုခံရသော်လည်း ရှုံးခြင်းမရှိ၊ အောက်သို့လှဲခြင်းကို ခံရသော်လည်း ဆုံးရာသို့ မရောက်။ သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်း ကို ငါတို့ကိုယ်ခန္ဓာ၌ ဆောင်ရကြ၏။” (၂ ကော ၄း၈ -၁၀)**

သခင်ဘုရားကိုထောက်ရှုလျက်၊ သမ္မာတရားကို ထောက်ရှုလျက် ဝမ်းမြောက်စွာကြံ့ကြံ့ခံသီးခံကြသော သူတို့သည် ဤလောက်ရှိအသက်တာ၌ ကြီးစွာသော အရှက်တကွဲဖြစ်ခြင်း ၊ ကြီးစွာသော စုံစမ်း နှောင့်ယှက်ခြင်း နှင့် ကြီးစွာသော ညှင်းပန်းနှိပ်စက်ခြင်းတို့ကဲ့သို့သော သူတို့၏ သခင်နှင့် နည်းလမ်းကဲ့သို့ အတွေ့အကြုံများ များစွာရှိကြပါသည်။ ဤကဲ့သို့သော စတေးခြင်းများ၌ သူတို့၏ သစ္စာရှိခြင်းကို ထင်ရှားပြသခဲ့သော ပမာဏ နှင့်အညီ “ဘုန်းအသရေ၌ ကြယ်များတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားကြသည်” ဟု တမန်တော် ကြေငြာခဲ့သ ကဲ့သို့ အနာဂတ်၌ ကြီးစွာသော ဆုရှိပါသည်။

## October-30 (အောက်တိုဘာလ ၃၀)

**“အဘယ်သူမျှ သခင်နှစ်ဦး၏ အစေကို မခံနိုင်”။ (မ ၆ း ၂၄)**

သင်တို့သည် ဘုရားသခင်နှင့် ဓနဥစ္စာ၏ အစေကို မခံနိုင်ပါ။ အတွေ့အကြုံနှင့် အနီးကပ်စောင့်ကြည့် ခြင်းသည် ဤအရာကို ထောက်ခံပါသည်။ လူများသည် ဝိညာဉ်ပိုင်းဆိုင်ရာအရာများ၌ အေးခြင်းဖြစ်စေ ၊ ပူခြင်းဖြစ်စေ တစ်ခုခုရှိကြသည်ကို စည်းမျဉ်းတစ်ခုအဖြစ် ကျွန်ုပ်တို့ တွေ့ရပါသည်။ ကျွန်ုပ်တို့သည် ဘုရား သခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းကို ရှေးဦးစွာ ရှာကြရမည့်သူများဖြစ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏ အဓိကစဉ်းစားတွေးတောရမည့်အရာဖြစ်ပြီး အချိန်များအားလုံး၊ ရည်ရွယ်ချက်များ၊ အတွေးများ၊ စွမ်းရည်များ၊ အင်အားများနှင့် ကျွန်ုပ်တို့၌ရှိသော နည်းလမ်းများကို ကျွန်ုပ်တို့ထံမှ လက်ခံရရှိရန်ဖြစ်သည်။ ယခုလက်ရှိ ဘဝအတွက် လိုအပ်သောအရာများကို နားလည်ပါသည်။ ကျွန်ုပ်တို့၏ ချစ်ခြင်းနှင့် ဇွဲလုံ့လကို ကောင်းကင်ဘုံ ဆိုင်ရာများကို စိတ်ဝင်စားမှု၌ စတေးရန် ကျွန်ုပ်တို့အလိုရှိသော ဤအရာများ၏ အတိုင်းအတာ ပမာဏနှင့် အညီ ထင်ရှားပြသလိမ့်မည် ဖြစ်ပါသည်။

## October- 31 (အောက်တိုဘာလ ၃၁)

### “ဂရုဏာတော်သည် အသက်ထက်သာ၍ ကောင်းသောကြောင့် အကျွန်ုပ်၏ နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းရပါမည်။” (ဆာ ၆၃ း ၃)

ဘုရားသခင်၏ ကျေးဇူးတော်ကို မြည်းစမ်းခဲ့ကြသောသူများ၊ အသက်ထက်သာ၍ ကောင်းသော အရာအဖြစ် သူ၏ကျေးဇူးပြုခြင်းကို နားလည်ရန် ရောက်ရှိလာကြသောသူများ၊ မြေကြီးဆိုင်ရာအရာများ ၊ ရည်မှန်းချက်များ၊ မျှော်လင့်ချက်များအားလုံးကို သူ၏ယဇ်ပလ္လင်အပေါ်တွင် ဝမ်းမြောက်စွာ ချထားခဲ့ကြသူများ အခြားသူတို့ထံ ဝမ်းမြောက်ဖွယ်ရာ သတင်းကိုပြောရန် ဝမ်းမြောက်ကြသောသူတို့သည် မှောင်မိုက်၏ တန်ခိုးမှ သူတို့ကို ထုတ်ဆောင်၍ သူ၏အံ့ဖွယ်အလင်းထဲသို့ ခေါ်သွင်းတော်မူသော သူ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပြောဆိုရန် ဝမ်းမြောက်ကြပါသည်။ သတင်းစကားသည် ထိန်းသိမ်းရန် အလွန် ကောင်းပြီး ၎င်းကိုဟောပြောရန်အတွက် ငှားရမ်းဖို့ သူတို့သည် မလိုအပ်ရုံသာမက သူတို့သည် ၎င်းကို ပြောရန် အလိုဆန္ဒ ရှိသောသူများဖြစ်ကြပါသည်။ ဟောပြောခြင်းနှင့်အတူ ဆက်နွယ်ခြင်း၌ ဘုရားသခင်၏ ကျေးဇူးပြုခြင်းကို ဝမ်းမြောက်ခြင်းသည် သူတို့အား တစ်စုံတစ်ရာအဖိုးအခကိုဖြစ်စေမည်ဖြစ်ပါသည်။ သူတို့အား အခက်အခဲများကြုံတွေ့စေသော အဖိုးအခများဖြစ်ပါသည်။ သူတို့အား ငွေကြေးများ ကုန်ကျစေမည့် ရင်းနှီးမှုများ သူတို့အား မြေကြီးဆိုင်ရာ ခင်မင်ရင်းနှီးမှုများ ဆုံးရှုံးခြင်း အဖိုးအခများ ရှိမည်ဖြစ်ပါသည်။ သူတို့အား ဒဏ်ရာများကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး အကယ်၍ အာမလျှော့ခဲ့သော် အချို့တို့အား ကန့်သတ်ချုပ်ချယ်မှုကို ဖြစ်စေမည်ဖြစ်ပြီး သူတို့အား လောကနှင့် ခရစ်ယာန်ဘာသာမှ ထောက်ခံခြင်းမရှိသော အဖိုးအခများကို ပေးရမည် ဖြစ်ပါသည်။